ကာကွယ်ဆေး အချက်အလက် ကြေငြာချက်

# ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေး

## *ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေး*

Many Vaccine Information Statements are available in Burmese and other languages. See www.immunize.org/vis

ကာကွယ်ဆေး အများအပြား၏ အချက်အလက် ကြေငြာချက်များကို မြန်မာဘာသာနှင့် အခြားသော ဘာသာစကားများတို့ဖြင့် ရရှိနိုင်ပါသည်။ www.immunize.org/vis တွင် ကြည့်ရှုပါ

## 1 အဘယ်ကြောင့် ကာကွယ်ဆေးထိုးရသနည်း။

ရိုတာဗိုင်းရပ်စ် သည် များသောအားဖြင့် ကလေးငယ်များနှင့် ငယ်ရွယ်သောကလေးများတွင် ဝမ်းလျှောခြင်းကို ဖြစ်ပေါ်စေသည့် ရောဂါပိုးတစ်မျိုးဖြစ်ပါသည်။ ဝမ်းလျှောခြင်းသည် ပြင်းထန်နိုင်ပြီး ရေဓါတ်ခန်းခြောက် စေနိုင်ပါသည်။ ရိုတာဗိုင်းရပ်စ် ရောဂါပိုးရှိသည့် ကလေးငယ်များတွင် အန်ခြင်းနှင့် ကိုယ်ပူခြင်းကို တွေ့ရလေ့ရှိသည်။

ရိုတာဗိုင်းရပ်စ် ရောဂါပိုး ကာကွယ်ဆေး မတိုင်မီ၊ ရိုတာဗိုင်းရပ်စ် ရောဂါသည် အမေရိကန်ပြည်ထောင်စုရှိ ကလေးများတွင် အဖြစ်များသည့် ရောဂါဖြစ်ပြီး ပြင်းထန်သော ကျန်းမာရေးပြဿနာ တစ်ခုဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ကလေးများအားလုံးလိုလိုသည် မိမိတို့အသက် ၅ နှစ် မွေးနေ့မရောက်မီ အနည်းဆုံး ရိုတာ ဗိုင်းရပ်စ် ရောဂါပိုးကူးစက်ခြင်း ခံကြရသည်။

ကာကွယ်ဆေး မရရှိသေးမီက နှစ်စဉ် -

- ၄၀၀၀၀၀ ထက်မကသော ကလေးများသည် ရိုတာဗိုင်းရပ်စ် ရောဂါပိုးကြောင့် ဖျားနာပြီး ဆရာဝန်ထံပြသကြရပါသည်၊
- ၂၀၀၀၀၀ ထက်မကသော အရေးအတွက်မှာ အရေးပေါ်ခန်းသို့ ရောက်ရှိကြရပါသည်၊
- ၅၅၀၀၀ မှ ၇၀၀၀၀ အထိမှာ ဆေးရုံတက်ကြရပြီး
- ၂၀ မှ ၆၀ အထိ သေဆုံးကြရပါသည်။

ရိုတာဗိုင်းရပ်စ် ရောဂါပိုး ကာကွယ်ဆေးစတင်မိတ်ဆက်ပေးကတည်းက ရိုတာဗိုင်းရပ်စ် ရောဂါပိုးကြောင့် ဆေးရုံတက်ရခြင်းများနှင့် အရေးပေါ်လာရသည်များမှာ သိသာစွာ ကျဆင်းခဲ့ပါသည်။

## 2 ရိုတာဗိုင်းရပ်စ် ရောဂါပိုးကာကွယ်ဆေး

ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးကို ကုန်အမှတ်တံဆိပ်နှစ်မျိုးဖြင့် ရရှိနိုင်ပါသည်။ အသုံးပြုသည့် ကာကွယ်ဆေးအမျိုးအစားအပေါ်မူတည်ပြီး သင့် ကလေးသည် ဆေးပမာဏကို ၂ ကြိမ် (သို့) ၃ ကြိမ် ရရှိပါလိမ့်မည်။
ဆေးပမာဏအကြိမ်အား အောက်ပါ အသက်အရွယ်များတွင် ထိုးရန် အကြံပြုပါသည် -

- ပထမအကြိမ် ဆေးပမာဏ - အသက် ၂ လ အရွယ်
- ဒုတိယအကြိမ် ဆေးပမာဏ - အသက် ၄ လ အရွယ်
- တတိယအကြိမ် ဆေးပမာဏ - အသက် ၆ လ အရွယ် (လိုအပ်ခဲ့ပါက)

သင့်ကလေးသည် ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးအား ပထမအကြိမ် ဆေးပမာဏကို အသက် ၁၅ ပတ် တွင် ထိုးပေးရမည်ဖြစ်ပြီး အသက် ၈ လ တွင် နောက်ဆုံး ပမာဏကို းထိုးပေးရပါမည်။ ရိုတာဗိုင်းရပ်စ် ရောဂါပိုး ကာကွယ်ဆေးအား အခြားသော ကာကွယ်ဆေးများနှင့်အတူ တစ်ချိန်တည်းတွင် ပေးနိုင်ပါသည်။

ရိုတာဗိုင်းရပ်စ် ရောဂါပိုးကာကွယ်ဆေး ရရှိသည့် ကလေးများအားလုံးလိုလိုပင် ပြင်းထန်သော ရိုတာဗိုင်းရပ်စ် ရာဂါပိုးဝမ်းလျှောခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ ထို့အပြင် ဤကလေးငယ် အများစုမှာ ရိုတာဗိုင်းရပ်စ် းဝမ်းလျှောခြင်း ဖြစ်လိမ့်မည်မဟုတ်ပါ။

ကာကွယ်ဆေးသည် အခြားသော ရောဂါပိုးများကြောင့် ဖြစ်ပေါ်သည့် ဝမ်းလျှောခြင်း (သို့) အန်ခြင်း များမှ တားဆီးပေးလိမ့်မည်မဟုတ်ပါ။

ဝက်နှင့်ဆိုင်သော စိုင်ကို ဗိုင်းရပ်စ် (porcine circovirus) ခေါ် နောက်ထပ် ရောဂါပိုး (သို့မဟုတ် ၎င်း၏အစိတ်အပိုင်း) တစ်ခုအား ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးများထဲတွင် တွေ့ရှိရပါသည်။ ၎င်းသည် လူများသို့ ကူးစက်သည့်ရောဂါပိုးမဟုတ်ပါ၊ ဘေးကင်းလုံခြုံမှု အလားအလာကို မသိရသေးပါ။ အချက်အလက်ကိုမိုသိရှိရန် **http://wayback.archive-it.org/7993/20170406124518/https:/www.fda.gov/BiologicsBloodVaccines/Vaccines/ApprovedProducts/ucm212140.htm** အချက်အလက်ကိုမိုသိရှိရန်

## 3 အချို့သောကလေးသူငယ်များ ဤကာကွယ်ဆေးအား မထိုးသင့်ပါ

ရိုတာဗိုင်းရပ်စ် ရောဂါပိုးကာကွယ်ဆေးကြောင့် ဆေးတုံ့ပြန်မှုတွင် အသက်အန္တရာယ် ဖြစ်နိုင်သည်အထိ ဆေးမတည့်ဖြစ်သူ ကလေးငယ်သည် နောက်တစ်ကြိမ် မထိုးသင့်တော့ပါ။ ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေး ၏မည်သည့် အစိတ်အပိုင်းကိုမဆို ပြင်းထန်သော ဆေးမတည့်ဖြစ်သူ ကလေးငယ်သည် ကာကွယ်ဆေး မခံယူသင့်ပါ။ *သင့်ကလေးငယ်သည် ကြက်ပေါင်စေး အပါအဝင် ပြင်းထန်သော ဆေးမတည့်မှု ဖြစ်ကြောင်း သိရှိထားပါက သင့်ဆရာဝန်အား ပြောပြပါ။*

"ပြင်းထန်သောကိုယ်ခံအားအမျိုးအားလုံးစုပေါင်းချို့တဲ့မှု" (SCID) ဖြစ်သည့် ကလေးငယ်များသည်  ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေး မထိုးရပါ။

"အူစွပ်ခြင်း" ခေါ် အူသိမ်-အူမကြီးပိတ်ဆို့မှု အမျိုးအစားရှိသည့် ကလေးငယ်များသည် ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေး မထိုးရပါ။

အနည်းငယ်သာ ဖျားနာသော ကလေးများအား  ကာကွယ်ဆေးအား ထိုးပေးနိုင်ပါသည်။ အသင့်အတင့် (သို့) အကြီးအကျယ် ဖျားနာသော ကလေးများအား  ပြန်လည်ကျန်းမာလာသည်အထိ စောင့်ဆိုင်းသင့်ပါသည်။ ယင်းတွင် အသင့်အတင့် (သို့) အကြီးအကျယ် ဝမ်းလျှောခြင်း (သို့) အန်ခြင်း ဖြစ်သည့် ကလေးငယ်များ ပါဝင်ပါသည်။

အောက်ပါအကြောင်းအရာများကြောင့် သင့် ကလေးငယ်၏ကိုယ်ခံအားစနစ် အားနည်းမှုဖြစ်ပါက သင့် ဆရာဝန်နှင့် စမ်းသပ်ပါ -

- HIV/AIDS (သို့) ကိုယ်ခံအားစနစ် အားနည်းမှုကိုဖြစ်စေသည့် အခြားသော ရောဂါပိုးကူးစက်မှု
- စတီးရွိုက်ဟော်မုန်းကုသမှု ကဲ့သို့သော ဆေးဝါးများ
- ကင်ဆာ၊ (သို့) ဓါတ်မှန်ရောင်ခြည် (သို့) ဆေးဝါးများဖြင့် ကင်ဆာကုသမှု

## 4 ကာကွယ်ဆေး တုံ့ပြန်မှု အန္တရာယ်များ

ကာကွယ်ဆေးများအပါအဝင်၊ မည်သည့်ဆေးဝါးများတွင်မဆို ဘေးထွက်ဆိုးကျိုးများ ရှိနိုင်ပါသည်။ ၎င်းတို့သည် များသောအားဖြင့် အနည်းငယ်သာဖြစ်တတ်ပြီး သူ့အလိုလို ပျောက်ကင်း သွားပါသည်။ ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများရှိနိုင်သော်လည်း မကြုံစဖူးလောက်သာ ဖြစ်ပေါ်ပါသည်။

ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးခံယူသည့် ကလေးငယ်အများစုတို့တွင် မည်သည့် ပြဿနာများ မဖြစ်ပေါ်ပါ။ သို့သော် အချို့သော ပြဿနာများသည် rota ရောဂါပိုးကာကွယ်ဆေးနှင့် ပတ်သက်မှုရှိခဲ့ပါသည် -

ရိုတာဗိုင်းရပ်စ် ရောဂါပိုးကာကွယ်ဆေးကြောင့် ဖြစ်လာနိုင်သည့် **သေးငယ်သော ပြဿနာများ** မှာ -

- ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးထိုးပြီးနောက် ကလေးငယ်များအား နေထိုင်ရ

U.S. Department of Health and Human Services
Centers for Disease Control and Prevention

ခက်ခဲ လာစေနိုင်သည်၊ (သို့)ယာယီ အနည်းငယ် ဝမ်းလျှောခြင်း (သို့) အန်ခြင်း စသည်တို့ဖြစ်ပေါ်နိုင်သည်။

- **ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးကြောင့် ဖြစ်လာနိုင်သည့် ပြင်းထန်သော ပြဿနာများ** မှာ -

- အူစွပ်ခြင်းသည် အူသိမ်-အူမကြီးပိတ်ဆို့မှု အမျိုးအစားဖြစ်ပြီး ဆေးရုံ၌ကုသရပါသည်၊ ခွဲစိတ်မှုကိုပါ လိုအပ်လာနိုင်သည်။ အမေရိကန်ပြည်ထောင်စုတွင် အချို့သောကလေးငယ်များ၌ နှစ်စဉ် "သဘာဝအားဖြင့်" ဖြစ်ပေါ်ပြီး များသောအားဖြင့် ၎င်းသည် မည်သည့်အကြောင်းရင်းကြောင့် ဖြစ်ပေါ်သည်ကို မသိရပါ။

  ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးကြောင့် အူစွပ်ခြင်းဖြစ်မှုသည် အနည်းငယ် စိုးရိမ်ဖွယ်ရာ ရှိပါသည်၊ များသောအားဖြင့် ပထမအကြိမ (သို့) ဒုတိယ အကြိမ် ကာကွယ်ဆေးထိုးပြီးသည့်နောက် တစ်ပတ်အတွင်းတွင် ဖြစ်ပေါ်နိုင်သည်။ ဤ အပိုဆောင်း စိုးရိမ်ဖွယ်ရာသည် ရိုတာဗိုင်းရပ်စ် းကာကွယ်ဆေးထိုးသည့် US ရှိ နို့စို့သူငယ်များတွင် ခန့်မှန်းခြေအားဖြင့် အယောက် ၂၀၀၀၀ လျှင် ၁ ယောက် မှ အယောက် ၁၀၀၀၀၀ လျှင် ၁ ယောက် အထိသာ ဖြစ်ပါသည်။ သင့် ဆရာဝန်မှ သင့်အား သတင်းအချက်အလက်များ ပိုပေးနိုင်ပါသည်။

**မည်သည့် ကာကွယ်ဆေးမဆို ထိုးပြီးသည့်နောက် ဖြစ်ပေါ်တတ်သည့် ပြဿနာများမှာ -**

- မည်သည့်ဆေးဝါးများမဆို ပြင်းထန်သော မတည့်သည့် တုံ့ပြန်မှုများ ဖြစ်ပေါ်နိုင်သည်။ ကာကွယ်ဆေးမှ တုံ့ပြန်မှုများသည် မကြုံစဖူးလောက်သာ ဖြစ်ပါသည်၊ ဆေးထိုးသည့် ပမာဏ အခါတစ်သန်းတွင် ၁ ခါသာ ရှိသည်ဟု ခန့်မှန်းရပြီး၊ များသောအားဖြင့် ကာကွယ်ဆေးထိုး ပြီးနောက် အချိန် မိနစ်ပိုင်းအတွင်း မှ နာရီပိုင်းအတွင်း ဖြစ်ပေါ်ပါသည်။

မည်သည့်ဆေးဝါးများတွင်မဆိုအတိုင်း ကာကွယ်ဆေးကြောင့် ပြင်းထန်သော ဒဏ်ရာ (သို့) သေဆုံးခြင်း ဖြစ်ပေါ်သည်များမှာ ရှားပါးလှပါသည်။

ကာကွယ်ဆေးများ ဘေးကင်းလုံခြုံမှုအတွက် အမြဲတမ်း စောင့်ကြည့် ပေးပါသည်။ အချက်အလက်ကိုမိုသိရှိရန် **www.cdc.gov/vaccinesafety/** တွင် လည်ပတ်ကြည့်ရှုပါ -

## 5 အကယ်၍ ပြင်းထန်သော တုံ့ပြန်မှု ရှိခဲ့ပါလျှင် ဘာလုပ်မည်နည်း။

**ကျွန်ုပ် ဘာကို လေ့လာရှာဖွေရမည်နည်း။**
**အူစွပ်ခြင်း** အတွက် ဗိုက်နာခြင်းနှင့်အတူ ပြင်းထန်စွာငိုကြွေးသည့် လက္ခဏာများကို ရှာဖွေပါ။ အစောပိုင်းတွင် ဖြစ်ရပ်များသည် အချိန်မိနစ်ပိုင်းအတွင်းလောက်သာဖြစ်ပေါ်ပြီး တစ်နာရီအတွင်းတွင် ဖြစ်လိုက် ပျောက်လိုက် နှင့် အခါများစွာ ဖြစ်ပေါ်ပါသည်။ ကလေးငယ်များသည် မိမိတို့၏ခြေထောက်များကို ရင်ပတ်အထိ ကိုင်ဆွဲနေကြပါမည်။

သင့် ကလေးငယ်သည် အခါများစွာ အန်နိုင်သည် (သို့) မစင်ထဲတွင် သွေးပါခြင်း၊ (သို့) အားနည်းပုံပေါ်ခြင်း (သို့) အလွန် ကသိကအောင့်ဖြစ်ခြင်း များလည်းဖြစ်ပေါ်နိုင်သည်။ ၎င်းလက္ခဏာများသည် များသောအားဖြင့် ပထမအကြိမ် (သို့) ဒုတိယ အကြိမ် ကာကွယ်ဆေးထိုးပြီးသည့်နောက် ပထမအပတ်အတွင်းတွင် ဖြစ်ပေါ်နိုင်သည်၊ သို့သော်လည်း ကာကွယ်ဆေးထိုးပြီးနောက် ၎င်းတို့အား အချိန်မရွေး လေ့လာရှာဖွေပါ။

သင် စိုးရိမ်ရသည့် မည်သည့်အရာအတွက်ကိုမဆို သင် ရှာဖွေနိုင်သည်၊ ပြင်းထန်သော မတည့်သည့် တုံ့ပြန်မှု၊ ကိုယ်ပူချိန်အလွန်မြင့်ခြင်း၊ (သို့) ထူးခြားသည့် အပြုအမူများ စသည့် လက္ခဏာများ။

**ပင်းထန်သော မတည့်သည့် တုံ့ပြန်မှု** လက္ခဏာများမှာ အင်ပျဉ်များ အပါအဝင်၊ မျက်နှာ နှင့် လည်ချောင်း ရောင်ခြင်း၊ အသက်ရှူရန်အခက်အခဲဖြစ်ခြင်း (သို့) ပုံမှန်မဟုတ်သည့် အိပ်ခြင်းများ။ ၎င်းသည် များသောအားဖြင့် ကာကွယ်ဆေးထိုးပြီးနောက် အချိန်မိနစ်ပိုင်းအတွင်းမှ နာရီပိုင်းအထိ ဖြစ်ပေါ်ပါသည်။

**ကျွန်ုပ် ဘာလုပ်သင့်သနည်း။**
၎င်းသည် **အူစွပ်ခြင်း** ဖြစ်သည်ဟု သင်ထင်ခဲ့ပါက ဆရာဝန်ထံ ချက်ချင်း ခေါ်ဆိုပါ။ သင့် ဆရာဝန်အား ခေါ်ဆို၍ မရခဲ့ပါက သင့် ကလေးငယ်အား ဆေးရုံသို့ ခေါ်သွားပါ။ သင့် ကလေးငယ်အား ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးထိုးပေးခဲ့သည့် အချိန်ကို သူတို့အားပြောပြပါ။

**ပြင်းထန်သော မတည့်သည့် တုံ့ပြန်မှု** (သို့) မစောင့်ဆိုင်းနိုင်သည့် အရေးပေါ်မှု ဖြစ်သည်ဟု သင်ထင်ခဲ့ပါက 9-1-1 (သို့) သင့် ကလေးငယ်အား အနီးဆုံး ဆေးရုံသို့ ပို့ပါ။

သို့မဟုတ်လျှင် သင့် ဆရာဝန်ထံ ခေါ်ဆိုပါ။

နောက်မှ တုံ့ပြန်မှုအား "ကာကွယ်ဆေး ဆိုးကျိုးပေးသည့် ကိစ္စအား အစီရင်ခံခြင်း စနစ်" (VAERS) သို့ တင်ပြပါမည်။ သင့် ဆရာဝန်မှ အစီရင်ခံစာကို ဖိုင်တွဲထားရပါမည်၊ (သို့) သင် ကိုယ်တိုင် VAERS **www.vaers.hhs.gov** ဝက်ဆိုဒ် မှတဆင့် တင်ပြနိုင်သည်၊ (သို့) **1-800-822-7967** သို့ ခေါ်ဆို ခြင်းအားဖြင့် တင်ပြနိုင်သည်

*VAERS သည် ဆေးဝါးဆိုင်ရာ အကြံပေးခြင်းများ မရှိပါ။*

## 6 နိုင်ငံတော် ကာကွယ်ဆေး ဒဏ်ရာဖြစ်မှု လျော်ကြေးပေး အစီအစဉ်

နိုင်ငံတော် ကာကွယ်ဆေး ဒဏ်ရာဖြစ်မှု လျော်ကြေးပေး အစီအစဉ် (VICP) သည် ကာကွယ်ဆေးတစ်စုံတစ်ခုကြောင့် ဒဏ်ရာဖြစ်ပေါ်သူအား လျော်ကြေးပေးရန် တည်ထောင်ထားသော ဗဟိုအစိုးရ အစီအစဉ် ဖြစ်ပါသည်။

ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု ဖြစ်ပေါ်သည်ဟု ယုံကြည်ရသူများ အစီအစဉ်၏ အကြောင်းကို လေ့လာနိုင်ပြီး တောင်းဆိုရန် ဖိုင်တွဲတင်ပြခြင်းအကြောင်းကို **1-800-338-2382** သို့ ခေါ်ဆိုနိုင်သည် (သို့) VICP ဝက်ဆိုဒ် **www.hrsa.gov/vaccinecompensation** သို့ ဝင်ရောက်ကြည့်ရှုနိုင်သည် လျော်ကြေးတောင်းဆိုရန်အတွက် အချိန်အကန့်အသတ် ရှိပါသည်။

## 7 ကျွန်ုပ် ပိုပြီး မည်သို့ လေ့လာနိုင်သနည်း။

- သင့် ဆရာဝန်ထံ မေးမြန်းပါ။ သူ (သို့) သူမ သည် ကာကွယ်ဆေးအထုပ်ဖြည့်စွက်ချက် (သို့) အခြားသော ကိုးကားရန် အချက်အလက်များ အကြံပြုခြင်း တို့ကို ပေးနိုင်ပါသည်။
- သင့် ဆရာဝန် (သို့) ပြည်နယ် ကျန်းမာရေးဌာနသို့ ခေါ်ဆိုပါ။
- ရောဂါထိန်းချုပ်ခြင်းနှင့် [2] တားဆီးခြင်း စင်တာ (CDC)
  - **1-800-232-4636** သို့ ခေါ်ဆိုပါ၊ (သို့) **(1-800-CDC-INFO)** (သို့)
  - CDC ဝက်ဆိုဒ် **www.cdc.gov/vaccines** သို့ ဝင်ရောက်ကြည့်ရှုပါ

Vaccine Information Statement
# Rotavirus Vaccine

| 02/23/2018 | Burmese | Office Use Only |
|---|---|---|

42 U.S.C. § 300aa-26

Translation provided by the Immunization Action Coalition